**စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန**

**ပြည်ထောင်စုဝန်ကြီးရုံး(ရုံးအမှတ်-၃၂)**

**ဒုတိယဦးစီးမှူး ရာထူးနေရာ နှင့် အငယ်တန်းစာရေး ရာထူးနေရာများအတွက်**

**ရွေးချယ်ခံရသူများစာရင်း ထုတ်ပြန်ကြေညာခြင်း**

**(၁၃၈၆ ခုနှစ်၊ နယုန်လပြည့်ကျော် ၁၂ ရက်)**

**(၂၀၂၄ ခုနှစ်၊ ဇူလိုင်လ ၃ ရက်)**

၁။ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံး(ရုံးအမှတ်-၃၂)တွင် လစ်လပ်လျက်ရှိသည့် ဒုတိယဦးစီးမှူး လစာနှုန်းကျပ် (၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀၀) ရာထူး (၂)နေရာနှင့် အငယ်တန်းစာရေး လစာနှုန်းကျပ် (၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀) ရာထူး (၄)နေရာအတွက် အရည်အချင်းစစ် ရေးဖြေအောင်မြင်သူများအား ၂၉-၆-၂၀၂၄ ရက် (စနေနေ့)တွင် လူတွေ့စစ်ဆေးခြင်းနှင့် ကွန်ပျူတာကျွမ်းကျင်မှုစစ်ဆေးခြင်းများ ပြုလုပ်ခဲ့ပြီး ရွေးချယ်ခံရသူ (၆)ဦးတို့၏ ခုံနံပါတ်များအား အောက်ပါအတိုင်း ထုတ်ပြန်ကြေညာလိုက်သည်-

(က) **ဒုတိယဦးစီးမှူးရာထူး**

MODSO-18 ၊ MODSO-19 ၊

(ခ) **အငယ်တန်းစာရေးရာထူး**

MOLD-07 ၊ MOLD-13 ၊ MOLD-20 ၊ MOLD-23

၂။ အဆိုပါရွေးချယ်ခံရသူများသည် ပြည်ထောင်စုဝန်ကြီးရုံး၊ ရုံးအမှတ်(၃၂)၊ အုပ်ချုပ်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ်စီမံခန့်ခွဲမှုဌာနခွဲ၊ နေပြည်တော်သို့ အောက်ပါအချက်အလက်များနှင့်အတူ **၈-၇-၂၀၂၄ ရက်နေ့ ညနေ(၅:၀၀)နာရီ အချိန်ထက်နောက်မကျစေဘဲ** သတင်းပို့ရမည်ဖြစ်ပါသည်-

(က) သက်တမ်းတိုးပြီးသော အလုပ်သမားမှတ်ပုံတင် ကတ်ပြားမူရင်း၊

(ခ) ကိုယ်ရေးမှတ်တမ်းပြုလုပ်ရန် ကာယကံရှင်၏ ဓါတ်ပုံ (၅)ပုံ (၁"x၁.၅") အမျိုးသား စတစ် ကော်လာအဖြူ၊ အမျိုးသမီး ရင်ဖုံး၊ ရင်စေ့)။

၃။ အထက်အပိုဒ်(၁)ပါ ရွေးချယ်ခံရသူများသည် သတ်မှတ်ထားသော နေ့ရက်၊ အချိန်တွင် လာရောက်သတင်းပို့ရန်နှင့် သတင်းပို့ရန် ပျက်ကွက်ခဲ့သူများရှိပါက ၎င်း၏ ရာထူးနေရာတွင် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ ၂၀၊ နည်းဥပဒေခွဲ (င)၊ နည်းဥပဒေခွဲငယ် (၉)အရ ရွေးချယ်ခန့်ထားရန် အရန်စာရင်းရှိ ရမှတ် အများ-အနည်းအလိုက် တန်းစီဇယားပါ အမှတ်စဉ်များအတိုင်း အစားထိုးဖြည့်စွက်ရွေးချယ်ခန့်ထားသွားမည်ဖြစ်ပါသည်။

၄။ အသေးစိတ်သိရှိလိုပါက ပြည်ထောင်စုဝန်ကြီးရုံး၊ ရုံးအမှတ် (၃၂)၊ အုပ်ချုပ်ရေးနှင့်လူ့စွမ်းအား အရင်းအမြစ်စီမံခန့်ခွဲမှုဌာနခွဲ၊ ဖုန်း-၀၆၇ ၃ ၄၀၆၄၁၇ သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

ပြည်ထောင်စုဝန်ကြီးရုံး(ရုံးအမှတ်-၃၂)
စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန